
## ၄.၅ ဩစတြေးလျမနေသဟာယနိုင်ငံ (Commonwealth of Australia)

**သင်ခန်းစာမိတ်ဆက်**

❖ ဩစတြေးလျမနေသဟာယနိုင်ငံ (Commonwealth of Australia) သည် အိန္ဒိယသမုဒ္ဒရာနှင့် တောင်ပစိဖိတ်သမုဒ္ဒရာကြား ပင်လယ်သမုဒ္ဒရာကျွန်းများစွာ ပါဝင်ဖွဲ့စည်းထားသောဒေသ (Oceania) အတွင်း သီးခြားတည်ရှိသော နိုင်ငံဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဆဋ္ဌမမြောက် အကြီးဆုံးနိုင်ငံလည်း ဖြစ်သည်။ မြို့တော်နယ်မြေအပါအဝင် ပြည်နယ်နှင့် နယ်မြေ ၈ ခုဖြင့် ဖွဲ့စည်းထားသည်။

### ၄.၅.၁ တည်နေရာနှင့် အကျယ်အဝန်း

ဩစတြေးလျနိုင်ငံသည် ဩစတြေးလျတိုက်ကြီးအပြင် တက်စမေးနီးယားကျွန်းအပါအဝင် အခြားသေးငယ်သော ကျွန်းများစွာပါဝင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ တောင်လတ္တီကျု ၁၀ ဒီဂရီ ၄၁ မိနစ်နှင့် ၄၅ ဒီဂရီ ၃၉ မိနစ်ကြား၊ အရှေ့လောင်ဂျီကျု ၁၁၂ ဒီဂရီ ၀၉ မိနစ် နှင့် ၁၅၃ ဒီဂရီ ၃၉ မိနစ်ကြားတွင် တည်ရှိသည်။ တောင်ယာဥ်စွန်းတန်းသည် တိုက်၏အလယ်ခန့်တွင် ဖြတ်သွားသည်။




ပုံ (၄. ၁၂) ဩစတြေးလျနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

မြောက်ဘက်၊ အနောက်ဘက်နှင့်တောင်ဘက်တို့တွင် အိန္ဒိယသမုဒ္ဒရာတည်ရှိပြီး အရှေ့ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတည်ရှိသည်။ ဩစတြေးလျနိုင်ငံနှင့် အနီးဆုံးနိုင်ငံများမှာ မြောက်ဘက်တွင် အင်ဒိုနီးရှား၊ တီမောအရှေ့ပိုင်းနှင့် ပါပူအာနယူးဂီနီ၊ အရှေ့ဘက်တွင် ဗာနူအားတူးနိုင်ငံနှင့် အရှေ့တောင်ဘက်တွင် နယူးဇီလန်နိုင်ငံတို့ဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် စတုရန်းကီလိုမီတာ ၇၆၀၀၀၀၀ ကျော် ကျယ်ဝန်းသည်။

## ၄.၅.၂ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း


ဩစတြေးလျ၏မြေမျက်နှာသွင်ပြင်ကို အနောက်ဘက်ကုန်းပြင်မြင့်ဒေသ၊ အလယ်ပိုင်းမြေနိမ့်ဒေသနှင့် အရှေ့ဘက်တောင်တန်းဒေသဟူ၍ ခွဲခြားနိုင်သည်။

အနောက်ဘက်ကုန်းပြင်မြင့်ဒေသသည် နိုင်ငံအနောက်ဘက် ထက်ဝက်ခန့်ကျယ်ဝန်းပြီး ကမ်းခြေအနီးတွင် မြင့်သောတောင်တန်းများ တည်ရှိသည်။ ဩစတြေးလျပင်လယ်ကွေ့ကြီး (Great Australian Bight) ကမ်းခြေတွင် နာလာဘာလွင်ပြင် (Nullabor Plain) ခေါ် ထုံးကျောက်လွင်ပြင်ရှိသည်။ ဟမ်မာစလေတောင်တန်း (Hamersley Range)၊ မက်ဒေါ်နယ်တောင်တန်း (Mac Donnell Range) နှင့် မတ်စ်ဂရေ့တောင်တန်း (Musgrave Range) တို့မှာ ထင်ရှားသည်။ ထင်ရှားသောမြစ်များမှာ မာချီဆန် (Murchison)၊ အတ်ရှ်ဘာတန် (Ashburton)၊ ဖစ်ဇရွိုင် (Fitzroy)၊ ရိုပါ (Roper) နှင့် ဝိတိုရိယ (Victoria) မြစ်တို့ ဖြစ်ကြသည်။

အရှေ့ဘက်ကုန်းမြင့်ဒေသ သို့မဟုတ် ဂရိတ်ဒီဗိုင်းဒင်းတောင်တန်းဒေသ (Great Dividing Range) သည် ဩစတြေးလျအရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက် မြောက်ဘက်ဆုံးရှိ ယော့အငူ (Cape York) မှ တောင်ဘက်တက်စမေးနီးယားကျွန်းအထိ ပါဝင်သည်။ ဩစတြေးလျတိုက်၏ အမြင့်ဆုံးအပိုင်းဖြစ်၍ မီတာ ၉၀၀ ကျော်မြင့်သည်။ ဩစတြေးလျတိုက်၏ အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် ကော်စီယာစကို (Kosciuszko) တောင်ထိပ်သည် ၂၂၃၀ မီတာမြင့်သည်။ ဩစတြေးလျ၏ အရှေ့ဘက်ကမ်းလွန်ပိုင်းတွင် ကမ္ဘာ့အကြီးဆုံး သန္တာကျောက်တန်းဖြစ်သော မဟာကမ်းကွာ သန္တာကျောက်တန်း (Great Barrier Reef) ရှိသည်။

အရှေ့ဘက်ကုန်းမြင့်ဒေသနှင့် အနောက်ဘက်ကုန်းပြင်မြင့်ကြား၌ အလယ်ပိုင်းမြေနိမ့်ဒေသတည်ရှိသည်။ ၎င်းဒေသတွင် မဟာအဝီစိချိုင့်ဝှမ်း (Great Artesian Basin) နှင့် ဩစတြေးလျတိုက်၏ အကြီးဆုံးမြစ်စဉ်စုဖြစ်သည့် မာရေးဒါလင်မြစ်စဉ်စုချိုင့်ဝှမ်း (Murray-Darling Basin) တို့ရှိသည်။ မာရေးမြစ်၏ အဓိကမြစ်လက်တက်ဖြစ်သော ဒါလင်မြစ် (ကီလိုမီတာ ၁၄၇၂) သည် ဩစတြေးလျနိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သည်။ ၎င်းမြစ်များသည် အရှေ့ဘက်ကုန်းမြင့်ဒေသတွင် မြစ်ဖျားခံပြီး ဩစတြေးလျပင်လယ်ကွေ့ကြီးအတွင်း စီးဝင်သည်။ ဤဒေသ၏မြောက်ပိုင်း ၃ ပုံ ၂ ပုံ သည် ကမ္ဘာ့အကြီးဆုံး အဝီစိချိုင့်ဝှမ်းဒေသကြီးဖြစ်ပြီး အလယ်တွင် အားရ်ရေအိုင် (Eyre) ဟုခေါ်သော ဆားငန်အိုင်တည်ရှိသည်။

## ၄.၅.၃ ရာသီဥတု




ပုံ (၄. ၁၃) ဩစတြေးလျနိုင်ငံ၏ ရာသီဥတုပြပုံ

နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် အပူပိုင်းရာသီဥတုကို တွေ့ရသည်။ အနောက်တောင်ကမ်းခြေဒေသနှင့် တောင်ဩစတြေးလျ ပြည်နယ်တောင်ပိုင်း စပင်ဆာကွေ့ ကမ်းခြေဒေသများတွင် မြေထဲပင်လယ်ရာသီဥတု ရရှိသည်။ နိုင်ငံ၏ အရှေ့တောင်နှင့်တက်စမေးနီးယားကျွန်းတို့တွင် သမပိုင်းရာသီဥတုကို တွေ့ရသည်။ နိုင်ငံ၏အလယ်ပိုင်းတွင် ကန္တာရရာသီဥတု ရရှိသည်။ ကန္တာရဒေသ၏ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် စတက်မြက်ခင်းရာသီဥတု တွေ့ရသည်။

တိုက်ကြီး၏ ကမ်းရိုးတန်းဒေသတစ်လျှောက်တွင်သာ မိုးရေလုံလောက်စွာရရှိပြီး အတွင်းပိုင်းဒေသများတွင် မိုးနည်း၍ အပူချိန်မြင့်မားသည်။ တိုက်၏အနောက်မြောက်ပိုင်းဒေသမှာ အပူဆုံးဒေသဖြစ်သည်။ ပျမ်းမျှနှစ်စဉ်မိုးရေချိန်မှာ ၄၆၀ မီလီမီတာရရှိသည်။

မိုးခေါင်မှုများ ရှည်ကြာစွာဖြစ်ပေါ်ပြီး ရံဖန်ရံခါဖုန်မုန်တိုင်းများနှင့် လေဆင်နှာမောင်းများဖြစ်ပေါ်တတ်သည်။ ဆောင်းဥတုပျမ်းမျှအပူချိန်မှာ ၁၀ ဒီဂရီဆဲလ်စီးယပ်ခန့်ရှိပြီး နွေဥတုပျမ်းမျှအပူချိန်မှာ ၂၀ ဒီဂရီဆဲလ်စီးယပ်ကျော် ရှိသည်။

### ၄.၅.၄ သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

သြစတြေးလျတိုက်သည် သီးခြားတည်ရှိနေ၍ သဘာဝပေါက်ပင် မျိုးကွဲများစွာရှိသည်။ အဓိကပေါက်ပင်များမှာ ခြောက်သွေ့ခံအပင်များဖြစ်သော ချုံပင်နှင့် မြက်ခင်းများ၊ သစ်တောများ ပေါက်ရောက်သည်။

မိုးများသော အရှေ့မြောက်ကမ်းခြေဒေသနှင့် မြောက်ပိုင်းကမ်းခြေဒေသတို့တွင် အပူပိုင်း အမြဲစိမ်းတောများပေါက်ရောက်ပြီး တောင်ပိုင်းတွင် ယူကလစ်ပင် အများအပြားပေါက်သည်။ အရှေ့တောင်ကမ်းခြေနှင့် တက်စမေးနီးယားကျွန်းတို့တွင် စိုစွတ်သောသမပိုင်းသစ်တောများကို တွေ့ရသည်။ တက်စမေးနီးယားကျွန်းတောင်ပေါ်ဒေသတွင် အယ်လ်ပိုင်သစ်တောများ ရှိသည်။ မြောက်ပိုင်းနှင့် ဂရိတ်ဒီဗိုင်းဒင်းတောင်တန်း၏ အနောက်ဘက်တွင် ဆဗားနားတော၊ အနောက်တောင်နှင့် တောင်ပိုင်းဒေသများတွင် မြေထဲပင်လယ်ချုံတော၊ အနောက်ပိုင်းနှင့်အတွင်းပိုင်းတွင် ကန္တာရပင်များ ပေါက်သည်။

မိုးများသောဒေသများတွင် ဂဝံဆန်သောမြေများနှင့် ပေ့ါဒဇောမြေဆီလွှာများ ရှိသည်။ မိုးရေချိန်အသင့်အတင့်ရရှိသောဒေသများတွင် မြေနက်များ၊ နီညိုတောမြေများကို တွေ့ရသည်။ အတွင်းပိုင်းကန္တာရဒေသများတွင် ကန္တာရမြေများရှိသည်။ မြေဩဇာအကောင်းဆုံးမြေဆီလွှာများသည် မြစ်ချောင်းအနီးရှိ မြေနုများဖြစ်သည်။

**အဓိကအချက်များ**

- သြစတြေးလျခနသဟာယနိုင်ငံ (Commonwealth of Australia) သည် အိန္ဒိယသမုဒ္ဒရာနှင့် တောင်ပစိဖိတ်သမုဒ္ဒရာကြား၊ ပင်လယ်သမုဒ္ဒရာကျွန်းများစွာ ပါဝင်ဖွဲ့စည်းထားသော ဒေသ(Oceania) အတွင်း သီးခြားတည်ရှိသောနိုင်ငံ ဖြစ်သည်။
- စက်မှုဖွံ့ဖြိုးသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်အကြီးဆုံးနိုင်ငံ ဖြစ်သည်။
- သြစတြေးလျတိုက်တွင် မြေမျက်နှာသွင်ပြင်အပိုင်းကြီး ၃ ပိုင်း ရှိသည်။
- အလယ်ပိုင်းမြေနိမ့်ဒေသတွင် မဟာအဝီစိချိုင့်ဝှမ်း (Great Artesian Basin) နှင့် အကြီးဆုံးမြစ်စဉ်စုဖြစ်သည့် မာရေးဒါလင်မြစ်စဉ်စုချိုင့်ဝှမ်းတို့ ရှိသည်။
- ရာသီဥတု အမျိုးအစား ၅ မျိုး ရရှိသည်။
- အဓိကပေါက်ပင်များမှာ ချုံပင်နှင့် မြက်ခင်းများ၊ သစ်တောများ ပေါက်ရောက်သည်။
- တွေ့ရှိရသော မြေဆီလွှာများမှာ ဂဝံဆန်သော မြေဆီလွှာ၊ ပေ့ါဒဇောမြေဆီလွှာ၊ မြေနက်များ၊ နီညိုတောမြေ၊ ကန္တာရမြေနှင့် မြေနုတို့ဖြစ်ကြသည်။

### လေ့ကျင့်ရန်မေးခွန်းများ

(၁) ဩစတြေးလျနိုင်ငံ၏ ဖွဲ့စည်းထားသော ပြည်နယ်နှင့် နယ်မြေများကို ဖော်ပြပါ။

(၂) ဩစတြေးလျနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ကို မည်သို့ခွဲခြားထားသနည်း။

(၃) ဩစတြေးလျနိုင်ငံ၏ ရာသီဥတုအမျိုးအစားနှင့် တွေ့ရှိရသောဒေသများကို ဖော်ပြပါ။

(၄) ဩစတြေးလျနိုင်ငံ၏ သဘာဝပေါက်ပင်နှင့် မြေဆီလွှာကို ဖော်ပြပါ။

## ၄.၅.၅ စီးပွားရေး

ဩစတြေးလျနိုင်ငံသည် သဘာဝအရင်းအမြစ်များကြွယ်ဝခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းတို့ကြောင့် စီးပွားရေးခိုင်မာတောင့်တင်းသည်။ အဓိကစက်မှုလုပ်ငန်းများမှာ သတ္တုတူးဖော်ခြင်း၊ စက်မှုနှင့် သယ်ယူပို့ဆောင်ရေးပစ္စည်း ကိရိယာများ၊ အစားအစာပြုပြင်ခြင်း၊ ဓာတုနှင့် သံမဏိလုပ်ငန်းတို့ဖြစ်သည်။ စိုက်ပျိုးရေးသည်လည်း နိုင်ငံစီးပွားရေးတွင် အရေးပါပြီး အဓိကထွက်ကုန်များမှာ ဂျုံ၊ ဘာလီ (မုယောစပါး)၊ ကြံနှင့် သစ်သီးတို့ဖြစ်ကြသည်။

နိုင်ငံဧရိယာအများစုမှာ မိုးနည်းလွန်းခြင်း၊ မြေမျက်နှာပြင်ကြမ်းတမ်းလွန်းခြင်းတို့ကြောင့် စိုက်ပျိုး၍မရပေ။ စိုက်ပျိုးမြေဧရိယာ ဟက်တာ ၁၉ သန်း ရှိသည်။ အများဆုံးစိုက်ပျိုးသောသီးနှံမှာ ဂျုံဖြစ်ပြီး နယူးဆောက်ဝေး၊ ဝိတိုရိယ၊ တောင်ဩစတြေးလျနှင့် အနောက်ဩစတြေးလျပြည်နယ်များ၌ အများဆုံးစိုက်သည်။ အခြားအရေးပါသော သီးနှံများမှာ ကြံ၊ ဘာလီ၊ အုတ်စပါး၊ စပျစ်နှင့် သမပိုင်းသစ်သီးတို့ဖြစ်သည်။ အပူပိုင်းသီးနှံများကို နယူးဆောက်ဝေးပြည်နယ်၏ အချို့အစိတ်အပိုင်းများနှင့် ကွင်းစလန်ပြည်နယ်၊ အနောက်ဩစတြေးလျပြည်နယ်နှင့် မြောက်ပိုင်းနယ်မြေများတွင် စိုက်ပျိုးသည်။ ဝါကို နယူးဆောက်ဝေးနှင့် ကွင်းစလန်ပြည်နယ်တို့တွင် အများဆုံးစိုက်သည်။

ကုန်းမြေဧရိယာ၏ ၆၀ ရာခိုင်နှုန်းသည် ကျွဲနွားစားကျက်အတွက် သင့်လျော်သောမြေဖြစ်သည်။ မွေးမြူရေးတွင် အမဲသား၊ သိုး (သိုးမွေး၊ သိုးသားငယ်)၊ နို့ထွက်ပစ္စည်း၊ ဝက်သား၊ ကြက်နှင့် ဘဲတို့ ပါဝင်သည်။ သိုးမွေးထုတ်လုပ်မှုသည် ဩစတြေးလျနိုင်ငံတွင် အရေးပါသည်။ နို့ထွက်ပစ္စည်းထုတ်လုပ်မှုသည် နိုင်ငံ၏ စတုတ္ထအရေးပါသော ပို့ကုန်ဖြစ်ပြီး အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ အများဆုံးတင်ပို့သည်။

DBE BOX

**အဓိကအချက်များ**

- သြစတြေးလျနိုင်ငံသည် သဘာဝအရင်းအမြစ်များကြွယ်ဝခြင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းတို့ကြောင့် စီးပွားရေးခိုင်မာတောင့်တင်းသည်။
- စိုက်ပျိုးမြေဧရိယာ ဟက်တာ ၁၉ သန်း ရှိသည်။
- အများဆုံးစိုက်ပျိုးသောသီးနှံမှာ ဂျုံဖြစ်ပြီး အခြားအရေးပါသောသီးနှံများမှာ ကြံ၊ ဘာလီ၊ အုတ်စပါး၊ စပျစ်နှင့် သမပိုင်းသစ်သီးတို့ဖြစ်သည်။
- နို့ထွက်ပစ္စည်းထုတ်လုပ်မှုသည် နိုင်ငံ၏ စတုတ္ထအရေးပါသော ပို့ကုန်ဖြစ်ပြီး အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ အများဆုံးတင်ပို့သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

(၁) သြစတြေးလျနိုင်ငံ၏ အဓိကစက်မှုလုပ်ငန်းများကို ဖော်ပြပါ။
(၂) သြစတြေးလျနိုင်ငံတွင် ဒေသအလိုက် စိုက်ပျိုးသောသီးနှံများကို ဖော်ပြပါ။
(၃) သြစတြေးလျနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းအကြောင်း ရေးသားဖော်ပြပါ။

## ၄.၅.၆ လူနေထိုင်မှုနှင့် လူဦးရေ

ကမ္ဘာပေါ်တွင် သီးခြားတည်ရှိသောနိုင်ငံဖြစ်သည့်အတွက် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀၀ အထိ လူနေထိုင်မှုမရှိသော ကျွန်းအဖြစ် တည်ရှိခဲ့သည်။ တိုင်းဦးသားများဖြစ်ကြသော သြစတြေးလျ တိုင်းဦးသားများ (Aborigines)နှင့် တောရက်စ်ရေလက်ကြားကျွန်းသား (Torres Strait Islanders) များသည် ၁၇ ရာစုအစောပိုင်း ဒတ်ချ်လူမျိုးများ မရောက်မီကတည်းက အခြေချနေထိုင်ခဲ့ကြသည်။

သြစတြေးလျနိုင်ငံသားအများစုသည် ဗြိတိသျှနှင့် အိုင်းရစ်မျိုးနွယ်မှ ဆင်းသက်လာသော အင်ဂလို-ဆဲလ်တစ် သြစတြေးလီးယန်းများ (Anglo-Celtic Australians)အဖြစ် လူသိများသည်။ ရွှေတူးဖော်သည့် ၁၈၅၀ ပြည့်နှစ်များတွင် ရွှေလာရောက်တူးဖော်သည့် ရွှေ့ပြောင်းဝင်ရောက်သူ သန်းဝက်ခန့် ထပ်မံရောက်ရှိလာခဲ့ပြီး လူဦးရေများစွာ တိုးပွားလာသည့်အတွက် ကိုလိုနီနယ်မြေ ၅ခု ကို တည်ထောင်ခဲ့သည်။

၁၉၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သြစတြေးလျဗြိတိသျှဓနသဟာယနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် သြစတြေးလျတိုက်သို့ ဥရောပတိုက်သား အများအပြား ပြောင်းရွှေ့ဝင်ရောက်လာကြသည်။ ၁၉၇၀ ပြည့်နှစ်များကတည်းက အာရှနှင့် အခြားဒေသများမှ ရွှေ့ပြောင်းလာရောက်သူများ ရှိခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် သြစတြေးလျနိုင်ငံ၏




DBE BOX

မြို့ကြီးများတွင် လူဦးရေ လျင်မြန်စွာတိုးတက်လာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် လူဦးရေတိုးနှုန်းမှာ ၁. ၂၃ ရာခိုင်နှုန်းဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသည် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၂၅. ၂ သန်းရှိပြီး စုစုပေါင်း ကမ္ဘာ့လူဦးရေ၏ ၀. ၃၃ ရာခိုင်နှုန်းရှိသည်။ လက်ရှိလူဦးရေ၏ ၂ ရာခိုင်နှုန်းခန့်သည် မူလနေထိုင်သော တိုင်းဦးသားများဖြစ်သည်။ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ဥရောပမှ ပြောင်းရွှေ့နေထိုင်သူများ ဖြစ်သည်။

## လူဦးရေပျံ့နှံ့မှုနှင့် သိပ်သည်းမှု




ပုံ (၄. ၁၄) ဩစတြေးလျနိုင်ငံ၏ လူဦးရေပျံ့နှံ့နေထိုင်မှုပြပုံ

နိုင်ငံ၏ဧရိယာအများစုမှာ ကန္တာရဖြစ်သောကြောင့် ဩစတြေးလျနိုင်ငံ၏ လူဦးရေပျံ့နှံ့မှုမှာ မညီညာပေ။ လူနေထိုင်မှုအများဆုံးဒေသမှာ ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ဒေသများ ဖြစ်သည်။ နိုင်ငံ၏ အရှေ့တောင်၊ အရှေ့ဘက်ပိုင်းဒေသနှင့် အနောက်တောင်ပိုင်းဒေသတို့မှာ လူနေထိုင်မှုများသောဒေသများ ဖြစ်ကြသည်။ အရှေ့တောင်နှင့် အရှေ့ဘက်ပိုင်းဒေသသည် ဘရစ္စဘင်မြို့မှ အက်ဒီလိတ်မြို့အထိကျယ်ဝန်းပြီး နိုင်ငံလူဦးရေအများစု နေထိုင်သည်။ အနောက်တောင်ပိုင်းဒေသတွင် ပါ့သ်မြို့ တည်ရှိသည်။

ဩစတြေးလျနိုင်ငံသည် ကမ္ဘာပေါ်ရှိ လူနေသိပ်သည်းမှု အနည်းဆုံးနိုင်ငံများတွင် ပါဝင်သည်။ ပျမ်းမျှလူဦးရေသိပ်သည်းမှုသည် တစ်စတုရန်းကီလိုမီတာလျှင် ၃ ဦးမှ ၇ ဦးအတွင်း နေထိုင်သည်။ ၂၀၁၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ ပျမ်းမျှလူနေသိပ်သည်းမှုသည် တစ်စတုရန်းကီလိုမီတာလျှင် ၃. ၃ဦး ဖြစ်သည်။ မြို့တော်နယ်မြေသည် တစ်စတုရန်းကီလိုမီတာလျှင် ၁၅၀ ဦးနှင့် လူနေသိပ်သည်းမှု အများဆုံးဖြစ်ပြီး ဗိတိုရိယပြည်နယ်သည် တစ်စတုရန်းကီလိုမီတာလျှင် ၂၄ ဦးနှင့် ဒုတိယ လူနေသိပ်သည်းမှု အများဆုံးဖြစ်သည်။ လူနေသိပ်သည်းမှုအနည်းဆုံးမှာ မြောက်ပိုင်းနယ်မြေဖြစ်ပြီး တစ်စတုရန်းကီလိုမီတာလျှင် ၀. ၂ ဦးနေထိုင်သည်။

## လူမျိုး

ဩစတြေးလျနိုင်ငံတွင် အဓိကနေထိုင်သော လူမျိုးများမှာ ဗြိတိသျှလူမျိုး ၆၇. ၄ ရာခိုင်နှုန်း၊ အိုင်းရစ်လူမျိုး ၈. ၇ ရာခိုင်နှုန်း၊ အီတလီလူမျိုး ၃. ၈ ရာခိုင်နှုန်း၊ ဂျာမန်လူမျိုး ၃. ၇ ရာခိုင်နှုန်း၊ တရုတ်လူမျိုး ၃. ၆ ရာခိုင်နှုန်း၊ အိန္ဒိယလူမျိုး ၁. ၇ ရာခိုင်နှုန်း၊ ဂရိလူမျိုး ၁. ၆ ရာခိုင်နှုန်း၊ ဒတ်ချ်လူမျိုး ၁. ၂ ရာခိုင်နှုန်းနှင့် အခြားလူမျိုး ၅. ၃ ရာခိုင်နှုန်းခန့်ဖြစ်သည်။

## ဘာသာစကားနှင့် ကိုးကွယ်သည့်ဘာသာ

စုစုပေါင်းလူဦးရေ၏ ၇၂. ၇ ရာခိုင်နှုန်းနီးပါးသည် အင်္ဂလိပ်ဘာသာစကားကိုသုံးစွဲကြသည်။ အခြားဘာသာစကားများမှာ တရုတ်ဘာသာ၊ အာရပ်ဘာသာ၊ ကန်တုံတရုတ်ဘာသာနှင့် အီတလီဘာသာစကားတို့ ဖြစ်ကြသည်။

ဩစတြေးလျနိုင်ငံတွင် ကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဘာသာဖြစ်ပြီး အစ္စလာမ်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဆစ်ခ်ဘာသာ၊ ဂျူးဘာသာနှင့် အခြားဘာသာတို့ကိုလည်းကိုးကွယ်သည်။ မူလ ဩစတြေးလျတိုင်းဦးသားများသည် နတ်ကိုးကွယ်ကြသည်။

## မြို့ပြဖြစ်ထွန်းလာမှုနှင့် မြို့ကြီးများ

မြို့ပြဒေသများ ကြီးထွားလာသည့် အကြောင်းရင်းများမှာ သဘာဝလူဦးရေတိုးလာခြင်း၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ပြည်ပမှပြောင်းရွှေ့လာခြင်းများကြောင့်ဖြစ်သည်။ ဩစတြေးလျတွင် တိုင်းဦးသားတို့နေထိုင်စဉ်က ကျေးလက်လူဦးရေအနည်းငယ်သာ ရှိခဲ့သည်။ ကျေးလက်ဒေသတွင် နေထိုင်သောသူများသည် မြို့ပြသို့ပြောင်းရွှေ့ကြသည်။

## မြို့ကြီးများ

ဩစတြေးလျနိုင်ငံ၏ ထင်ရှားသောမြို့ကြီးများမှာ ကင်ဘာရာမြို့၊ ဆစ်ဒနီမြို့၊ မဲလ်ဘုန်းမြို့၊ ဘရစ္စဘင်မြို့၊ အက်ဒီလိတ်မြို့၊ ပါ့သ်မြို့၊ ဒါဝင်မြို့နှင့် ဟိုဘတ်မြို့တို့ဖြစ်ကြသည်။



DBE BOX

**ကင်ဘာရာမြို့** (Camberra)

သြစတြေးလျနိုင်ငံ၏ မြို့တော်ဖြစ်သည်။ သြစတြေးလျမြို့တော်နယ်မြေတွင် တည်ရှိသည်။

**ဆစ်ဒနီမြို့** (Sydney)

နယူးဆောက်ဝေးပြည်နယ်၏ မြို့တော်ဖြစ်သည်။ စက်မှုနှင့် သင်္ဘောဆိပ်မြို့လည်း ဖြစ်သည်။ သြစတြေးလျ၏ အကြီးဆုံးမြို့ဖြစ်သည်။

**မဲလ်ဘုန်းမြို့** (Melbourne)

ဝိတိုရိယပြည်နယ်၏ မြို့တော်ဖြစ်သည်။ သြစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည်။ စက်မှုနှင့် သင်္ဘောဆိပ်မြို့လည်းဖြစ်သည်။

**ဘရစ္စဘင်မြို့** (Brisbane)

ကွင်းစလန်ပြည်နယ်၏ မြို့တော်နှင့် သင်္ဘောဆိပ်မြို့ဖြစ်သည်။

**အက်ဒီလိတ်မြို့** (Adelaide)

တောင်သြစတြေးလျပြည်နယ်၏မြို့တော်နှင့် သင်္ဘောဆိပ်မြို့ဖြစ်သည်။

**ပါ့သ်မြို့** (Perth)

အနောက်သြစတြေးလျပြည်နယ်၏ မြို့တော်နှင့် သင်္ဘောဆိပ်မြို့ဖြစ်သည်။

**ဒါဝင်မြို့** (Darwin)

မြောက်ပိုင်းနယ်မြေ (Northern Territory)၏မြို့တော်နှင့် သင်္ဘောဆိပ်မြို့ဖြစ်သည်။

**ဟိုဘတ်မြို့** (Hobart)

တက်စမေးနီးယား၏မြို့တော်နှင့် သင်္ဘောဆိပ်မြို့ဖြစ်သည်။ အခြားထင်ရှားသော မြို့များမှာ နယူးကာဆယ် (နယူးဆောက်ဝေးပြည်နယ်) နှင့် ဂျီလောင်း (ဝိတိုရိယပြည်နယ်)တို့ ဖြစ်ကြသည်။

**အဓိကအချက်များ**

- ဩစတြေးလျတိုက်ကို စတင်တွေ့ရှိသည့်အချိန်ကပင် တိုက်အတွင်း၌ တိုင်းဦးသားများ ရှိနေနှင့်ပြီး ဖြစ်သည်။
- ၁၉၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဩစတြေးလျဗြိတိသျှဓနသဟာယနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။
- ၁၉၇၀ ပြည့်နှစ်များကတည်းက အာရှနှင့်အခြားနေရာဒေသများမှ ရွှေ့ပြောင်းလာရောက် နေထိုင်ခဲ့သည်။
- ၂၀၁၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသည် လူဦးရေ ၂၅. ၂ သန်း ရှိပြီး စုစုပေါင်း ကမ္ဘာ့ လူဦးရေ၏ ၀. ၃၃ ရာခိုင်နှုန်းရှိသည်။
- လူဦးရေသိပ်သည်းမှုသည် တစ်စတုရန်းကီလိုမီတာလျှင် ၃ ယောက်မှ ၇ ယောက်အတွင်း ရှိသည်။
- အင်္ဂလိပ်ဘာသာစကားကို စုစုပေါင်းလူဦးရေ၏ ၇၂. ၇ ရာခိုင်နှုန်းနီးပါး ပြောဆိုကြသည်။
- မြို့ပြဒေသများ ကြီးထွားလာသည့် အကြောင်းရင်းများမှာ သဘာဝလူဦးရေတိုးလာခြင်း၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ပြည်ပမှပြောင်းရွှေ့လာခြင်းများကြောင့် ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

(၁) ဩစတြေးလျနိုင်ငံတွင် အတည်တကျ လူနေထိုင်မှုစတင်ပေါ်ပေါက်လာပုံကို ရေးသားပါ။

(၂) ဩစတြေးလျနိုင်ငံ၏ လူဦးရေပျံ့နှံ့မှုနှင့်သိပ်သည်းမှုအကြောင်း ရေးသားပါ။

(၃) ဩစတြေးလျနိုင်ငံ၏ လူမျိုး၊ ဘာသာစကားနှင့်ကိုးကွယ်သည့်ဘာသာကို ဖော်ပြပါ။

(၄) ဩစတြေးလျနိုင်ငံ၏ မြို့ကြီးများအကြောင်းကို ရေးသားပါ။

DREBOX